စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာ တင်ပြခြင်း

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ )

ရက်စွဲ ၂၅-၁၁-၂၀၂၂

မာတိကာ


| | | |
|---|---|---|
| (က) | နိဒါန်း | ၁ |
| (ခ) | ရည်ရွယ်ချက် | ၂ |
| (ဂ) | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| (ဃ) | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက်မှ **နိုဝင်**ဘာလ(၄) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၄ |
| | ၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၄-၈ |
| | ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ | ၈ |
| (င) | ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၈-၁၀ |
| (စ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက် | ၁၁-၁၂ |
| (ဆ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက် | ၁၂-၁၃ |
| (ဇ) | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| (ဈ) | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၅ |
| (ည) | ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ နိုဝင်ဘာလ (၄)ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၅ |
| | ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| (ဋ) | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈ |
| (ဌ) | ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၉ |
| (ဍ) | ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ) သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက် | ၁၉-၂၂ |
| (ဎ) | သုံးသပ်ချက် | ၂၂-၂၄ |
| (ဏ) | နိဂုံး | ၂၅ |

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ)

### (က) နိဒါန်း

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (ဇယား-၁၊ ပုံ-၁)

ဇယား (၁) - ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂)ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ | ၂၀၂၇၃၆. |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | ၁၇၇၁. |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ | ၄၂၇၆၃. |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ | ၁၉၂၀၁. |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | ၈၈၄. |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ | ၆၈၃၁၇၁. |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ | ၃၀၆၈၄. |
| **စုစုပေါင်း** | | **၈၉၇၇ .၀၃** | **၁၁၂၀၃ .၉၆** | **၁၂၅၃ .၇၃** | **၁၁၁၃၆..၈၉** | **၁၁၉၉၈ .၅၅** | **၁၄၈၈၃ .၁၆** | **၈၈၆၁.၀၃** | **၁၇၀၆၀ .၄၁** | **၁၇၆၈၁.၀၉** | **၁၅၃၆၃.၂၈** | **၈၂၇၉.၄၄** | **၉၈၉၁.၆၄** |




ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂)ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## (ခ) ရည်ရွယ်ချက်

(၁) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(၂) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (ဂ) ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်


ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက်ကုန် အနေဖြင့် (၂,၉၂၈.၁) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂) သန်းရှိခဲ့ပါသည်။ (ဇယား-၁)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁၊၂၊ ပုံ-၂)

သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃၃၃၆.၇၄) သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၆၉၆.၁)သန်း တိုးတက်ရရှိခဲ့သည်။ (ဇယား-၁)

ဇယား (၂) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂)မှ (၄-၁၁-၂၀၂၂ ) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၀% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၁၈% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၉% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၃% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂) ။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု (%)

**(ဃ)၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ နိုဝင်ဘာလ(၄) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ**

အစီရင်ခံကာလအတွင်း ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက် မှ နိုဝင်ဘာလ (၄) ရက်ထိ **ပို့ကုန်တင်ပို့မှု စုစုပေါင်း** အမေရိကန်ဒေါ်လာ (**၉,၈၉၁.၆၄**) သန်းတွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၂,၀၂၇.၃၆) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၇.၇၁) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၄၂၇.၆၃) သန်း၊ သတ္တုတွင်းထွက်ပစ္စည်း ဒေါ်လာ (၁၉၂.၀၁) သန်း၊ သစ်တောထွက်ပစ္စည်း ဒေါ်လာ (၈၈.၃၈) သန်း၊ စက်မှုကုန်ချောပစ္စည်း ဒေါ်လာ (၆,၈၃၁.၇၁) သန်းနှင့် အခြားပစ္စည်း ဒေါ်လာ (၃၀၆.၈၄) သန်း ပါဝင်ခဲ့ပါသည်။ (ဇယား-၁)

**လယ်ယာကဏ္ဍတင်ပို့မှု**အနေဖြင့် လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ (၂,၀၂၇.၃၆) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၁၇.၇၁) သန်း၊ ရေထွက်ပစ္စည်း ဒေါ်လာ (၄၂၇.၆၃) သန်းခန့် ရရှိခဲ့သည့်အတွက် လယ်ယာကဏ္ဍ (**လယ်ယာ၊ တိရိစ္ဆာန်နှင့် ရေထွက်ပစ္စည်း**) တင်ပို့မှု ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ ဒေါ်လာ (၂,၄၇၂.၆၉) သန်း ရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် တန်ဖိုးပါဝင်မှုအချိုးမှာ (၂၄) % ခန့်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂)

**၁။ လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ**


**လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု** ဒေါ်လာ (၂,၀၂၇.၃၆) သန်းတွင် လယ်ယာကဏ္ဍ အဓိကပို့ကုန် အမယ် (၅) မျိုး အနေဖြင့် ဆန် (ဆန်ကွဲ အပါအဝင်)၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်းနှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် **ဆန်နှင့် ဆန်ကွဲ** တင်ပို့မှု တန်ချိန် (၁,၁၂၅,၆၀၃.၄၆) မှ ဒေါ်လာ (**၃၉၉.၉၄**) သန်း၊ **ပဲအမျိုးမျိုး** တင်ပို့မှု တန်ချိန် (၉၃၄,၈၅၂.၉၃) မှ ဒေါ်လာ (၇၃၆.၂၁) သန်း၊ **ပြောင်း**တင်ပို့မှုတန်ချိန် (၁,၀၀၃,၅၀၇.၂၁) မှ ဒေါ်လာ (၃၁၁.၉၆၈) သန်း၊ **နှမ်း**တင်ပို့မှု တန်ချိန် (၄၅,၀၂၄.၈၂) မှ ဒေါ်လာ (၅၉.၄၃) သန်း ၊ **ရော်ဘာစိမ်း**တင်ပို့မှု တန်ချိန် (၁၂၈,၂၇၆.၅၈) မှ ဒေါ်လာ (၁၉၀.၀၁) သန်း နှင့် **အခြားအမယ်**တင်ပို့မှုမှ ဒေါ်လာ (၃၂၉.၈၁)သန်း ရရှိထားကြောင်း သိရှိရသည်။ (ဇယား-၃၊ ပုံ-၃,၄)


လယ်ယာထွက်ကုန် အမျိုးအစားလိုက်တင်ပို့မှုတွင် ရာခိုင်နှုန်းအားဖြင့် **ဆန်နှင့် ဆန်ကွဲ** (ဆန်နှင့် ဆန်ကွဲအပါအဝင်) တန်ချိန်ပေါင်း (၁၅%) တန်ဖိုးအနေဖြင့် (၁၆%) တိုးမြင့်တင်ပို့ခဲ့ပြီး **နှမ်း**အနေဖြင့် တန်ချိန်အားဖြင့် (၄၁%)၊ တန်ဖိုးအားဖြင့် (၃၇%)၊ **ရော်ဘာစိမ်း**မှာ တန်ချိန် (၇%)၊ တန်ဖိုးအားဖြင့် (၁%)၊ **ပဲအမျိုးမျိုး** တွင် တန်ချိန် (၂၁%) တန်ဖိုး (၁၅%) အသီးသီးလျော့နည်းခဲ့သည်ကိုတွေ့ရသည်။ **ပြောင်း**မှာ တန်ချိန် (၂%) လျော့နည်း တင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် (၃၃%) တိုးမြင့်ခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၃)

## ဇယား (၃) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ နိုဝင်ဘာလ ၄ ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် ပမာဏ | ခြားနားချက် % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂၄၇၂.၆၉ | ၂၄၂၅.၇၉ | ၄၆.၉၁ | ၂% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၂၀၂၇.၃၆ | ၁၉၉၅.၀၆ | ၃၂.၃၀ | ၂% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၉၉.၉၄ | ၃၄၅.၂၄ | ၅၄.၇၀ | ၁၆% |
| | | တန်ချိန် | ၁,၁၂၅,၆၀၃.၄၆ | ၉၇၈,၆၃၈.၉၉ | ၁၄၆,၉၆၄.၄၇ | ၁၅% |
| | (က) ဆန် | US$ | ၂၄၈.၂၆ | ၂၀၉.၃၃ | ၃၈.၉၃ | ၁၉% |
| | | တန်ချိန် | ၆၆၅,၇၄၈.၃၀ | ၅၄၈,၆၈၆.၅၁ | ၁၁၇,၀၆၁.၇၉ | ၂၁% |
| | (ခ) ဆန်ကွဲ | US$ | ၁၅၁.၆၈ | ၁၃၅.၉၁ | ၁၅.၇၇ | ၁၂% |
| | | တန်ချိန် | ၄၅၉,၈၅၅.၁၆ | ၄၂၉,၉၅၂.၄၈ | ၂၉,၉၀၂.၆၈ | ၇% |
| ၂ | ပဲအမျိုးမျိုး | US$ | ၇၃၆.၂၁ | ၈၆၈.၈၈ | -၁၃၂.၆၇ | -၁၅% |
| | | တန်ချိန် | ၉၃၄,၈၅၂.၉၂ | ၁,၁၇၇,၇၃၆.၉ | -၂၄၂,၈၈၃.၉၈ | -၂၁% |
| ၃ | ပြောင်း | US$ | ၃၁၁.၉၇ | ၂၃၅.၃၂ | ၇၆.၆၅ | ၃၃% |
| | | တန်ချိန် | ၁,၀၀၃,၅၀၇.၂၁ | ၁,၀၂၂,၆၈၈.၃၀ | -၁၉,၁၈၁.၀၉ | -၂% |
| ၄ | နှမ်း | US$ | ၅၉.၄၃ | ၉၃.၇၁ | -၃၄.၂၉ | -၃၇% |
| | | တန်ချိန် | ၄၅,၀၂၄.၈၂ | ၇၅,၉၇၆.၆၂ | -၃၀,၉၅၁.၈၀ | -၄၁% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၉၀.၀၁ | ၁၉၁.၉၃ | -၁.၉၂ | -၁% |
| | | တန်ချိန် | ၁၂၈,၂၇၆.၅၈ | ၁၃၇,၈၈၁.၀၁ | -၉,၆၀၄.၄၃ | -၇% |
| ၆ | အခြားသီးနှံ | US$ | ၃၂၉.၈၁ | ၂၅၉.၉၈ | ၆၉.၈၃ | ၂၇% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၁၇၇.၁ | ၂၉၆. | ၁၄.၇၅ | ၄၉၈% |
| ရေထွက်ပစ္စည်း | | US$ | ၄၂၇၆.၃ | ၄၂၇၇၇. | -၀.၁၄ | -၀.၀၃% |




ပုံ (၃)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

ပုံ (၄)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


ပို့ကုန်တင်ပို့မှုတွင် ပဲမျိုးစုံတင်ပို့မှုကို လေ့လာပါက ယခုနှစ်တွင် **ပဲတီစိမ်း**မှာ တန်ချိန် (၃၅၆,၂၃၈.၄၂)၊ တန်ဖိုးဒေါ်လာ (၂၇၀.၄၉) သန်းဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး၊ **မတ်ပဲ**မှာ တန်ချိန် (၃၂၉၅၁၂.၄၄)၊ တန်ဖိုးဒေါ်လာ (၂၈၀.၉) သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ **ပဲစဉ်းငုံ**မှာ တန်ချိန် (၇၅၅၇၇.၁၁)၊ တန်ဖိုးဒေါ်လာ (၆၀.၈) သန်းဖြင့် တတိယအများဆုံး တင်ပို့နိုင်ခဲ့ပြီး၊ **မြေပဲဆံ** တင်ပို့မှုမှာ တန်ချိန် (၅၉၇၁.၇၂)၊ တန်ဖိုးဒေါ်လာ (၅.၇၄) သန်းဖြင့် စတုတ္ထအများဆုံး ရပ်တည်ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၄၊ ပုံ-၅၊ ၆)

အစီရင်ခံကာလ (၁-၄-၂၀၂၂) မှ (၄-၁၁-၂၀၂၂) မှာ ယခင်နှစ်ထက် ပဲမျိုးစုံတင်ပို့မှုတွင် လျော့နည်းခဲ့သည်ကိုတွေ့ရပြီး မတ်ပဲတန်ချိန် (၃၄%) နှင့် တန်ဖိုး (၂၆%) ၊ ပဲတီစိမ်းတန်ချိန် (၅%) နှင့် တန်ဖိုး (၃%) ၊ ပဲစဉ်းငုံတန်ချိန် (၄၂%) နှင့် တန်ဖိုး (၃၁%) ၊ မြေပဲဆံ တန်ချိန် (၈၂%) နှင့် တန်ဖိုး (၈၃%) အသီးသီးလျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါအချက်အလက်များအရ သိရှိရသည်။ (ဇယား-၄)


# ဇယား (၄) - ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ Mini Budget | ကာလတူ (ဧပြီ ၁ ရက် မှ နိုဝင်ဘာ ၄ ရက် ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယခင်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| | ပဲအမျိုးမျိုး | US$ | ၈၃၀.၁၆ | ၇၃၆.၂၁ | ၈၆၈.၈၈ | -၁၃၂.၆၇ | -၁၅% |
| | | တန်ချိန် | ၁၀၈၉၆၆၇.၇၅ | ၉၃၄၈၅၂.၉၂ | ၁၁၇၇၇၃၆.၉၀ | -၂၄၂၈၈၃.၉၈ | -၂၁% |
| ၁ | မတ်ပဲ | US$ | ၂၈၇.၉၁ | ၂၈၀.၉၀ | ၃၇၉.၉၃ | -၉၉.၀၃ | -၂၆% |
| | | တန်ချိန် | ၃၇၁၀၉၄.၉၀ | ၃၂၉၅၁၂.၄၄ | ၄၉၉၀၀၅.၀၃ | -၁၆၉၄၉၂.၅၉ | -၃၄% |
| ၂ | ပဲတီစိမ်း | US$ | ၂၉၆.၅၄ | ၂၇၀.၄၉ | ၂၇၉.၄၉ | -၉.၀၀ | -၃% |
| | | တန်ချိန် | ၃၈၃၇၂၂.၃၂ | ၃၅၆၂၃၈.၄၂ | ၃၇၄၄၁၈.၈၅ | -၁၈၁၈၀.၄၄ | -၅% |
| ၃ | ပဲစင်းငုံ | US$ | ၈၄.၈၅ | ၆၀.၈၀ | ၈၇.၇၁ | -၂၆.၉၁ | -၃၁% |
| | | တန်ချိန် | ၁၂၆၅၂၆.၃၄ | ၇၅၅၇၇.၁၁ | ၁၃၀၆၈၁.၉၉ | -၅၅၁၀၄.၈၈ | -၄၂% |
| ၄ | ကုလားပဲ | US$ | ၃.၉၂ | ၁၂.၅၆ | ၁၃.၃၀ | -၀.၇၅ | -၆% |
| | | တန်ချိန် | ၆၁၃၀.၆၆ | ၁၇၉၇၅.၁၃ | ၂၂၁၄၆.၄၇ | -၄၁၇၁.၃၄ | -၁၉% |
| ၅ | ပဲလွန်းဖြူ | US$ | ၁၉.၄၀ | ၁၈.၃၉ | ၁၂.၁၆ | ၆.၂၃ | ၅၁% |
| | | တန်ချိန် | ၂၇၃၆၅.၂၄ | ၂၆၇၇၄.၁၇ | ၁၆၆၇၃.၄၇ | ၁၀၁၀၀.၇၀ | ၆၁% |
| ၆ | မြေထောက်ပဲ | US$ | ၃၀.၀၀ | ၃၂.၁၁ | ၁၆.၆၄ | ၁၅.၄၇ | ၉၃% |
| | | တန်ချိန် | ၃၉၈၃၉.၉၆ | ၄၃၁၂၃.၈၁ | ၂၃၂၉၁.၄၂ | ၁၉၈၃၂.၃၉ | ၈၅% |
| ၇ | ထောပတ်ပဲ | US$ | ၃.၉၁ | ၁၉.၄၀ | ၁၁.၄၁ | ၈.၀၀ | ၇၀% |
| | | တန်ချိန် | ၅၇၀၉.၇၄ | ၂၄၆၀၉.၆၈ | ၂၁၀၃၂.၆၇ | ၃၅၇၇.၀၁ | ၁၇% |
| ၈ | ပဲယင်း | US$ | ၃၅.၄၃ | ၁၇.၇၉ | ၁၉.၃၅ | -၁.၅၆ | -၈% |
| | | တန်ချိန် | ၄၉၉၅၁.၆၇ | ၂၆၈၄၇.၀၄ | ၃၄၂၄၅.၅၅ | -၇၃၉၈.၅၁ | -၂၂% |
| ၉ | ပဲကြီး | US$ | ၂.၂၆ | ၄.၃၈ | ၁.၂၈ | ၃.၁၀ | ၂၄၂% |
| | | တန်ချိန် | ၃၄၂၈.၈၇ | ၆၆၆၆.၈၆ | ၂၂၂၉.၈၀ | ၄၄၃၇.၀၆ | ၁၉၉% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁.၅၈ | ၃.၈၆ | ၄.၀၇ | -၀.၂၀ | -၅% |
| | | တန်ချိန် | ၂၃၆၄.၆၁ | ၆၁၁၇.၃၇ | ၆၅၇၃.၀၂ | -၄၅၅.၆၅ | -၇% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၂.၂၉ | ၆.၇၅ | ၃.၂၄ | ၃.၅၂ | ၁၀၉% |
| | | တန်ချိန် | ၁၇၂၆၉.၉၄ | ၉၀၁၁.၉၁ | ၄၁၁၂.၆၈ | ၄၈၉၉.၂၃ | ၁၁၉% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၃၀ | ၀.၀၆ | ၂.၅၅ | -၂.၄၉ | -၉၈% |
| | | တန်ချိန် | ၄၁၁.၀၀ | ၆၆.၀၀ | ၄၁၁၀.၃၀ | -၄၀၄၄.၃၀ | -၉၈% |
| ၁၃ | ပဲနီကြား | US$ | ၀.၀၈ | ၁.၇၉ | ၂.၀၈ | -၀.၂၉ | -၁၄% |
| | | တန်ချိန် | ၁၉၅.၀၀ | ၄၅၄၄.၂၅ | ၄၇၇၇.၀၀ | -၂၃၂.၇၅ | -၅% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၁၈ | ၀.၄၇ | ၀.၇၄ | -၀.၂၇ | -၃၆% |
| | | တန်ချိန် | ၂၁၆.၅၀ | ၆၁၅.၆၀ | ၈၉၀.၀၃ | -၂၇၄.၄၃ | -၃၁% |
| ၁၅ | မြေပဲဆံ | US$ | ၅၀.၈၃ | ၅.၇၄ | ၃၄.၈၀ | -၂၉.၀၅ | -၈၃% |
| | | တန်ချိန် | ၅၄၄၆၇.၇၂ | ၅၉၇၁.၇၂ | ၃၃၃၈၃.၄၇ | -၂၇၄၁၁.၇၅ | -၈၂% |
| ၁၆ | အခြားပဲ | US$ | ၀.၆၉ | ၀.၇၂ | ၀.၁၅ | ၀.၅၈ | ၃၉၉% |
| | | တန်ချိန် | ၉၇၃.၂၉ | ၁၂၀၁.၄၃ | ၁၆၅.၁၇ | ၁၀၃၆.၂၆ | ၆၂၇% |




ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ၂။ ဆီထွက်သီးနှံတင်ပို့မှုအခြေအနေ

ဆီထွက်သီးနှံဖြစ်သော **နှမ်း**တင်ပို့မှုမှာ (၁-၄-၂၀၂၂) မှ (၄-၁၁-၂၀၂၂) ထိ တန်ချိန် (၄၅၀၂၄.၈၂) နှင့် တန်ဖိုး ဒေါ်လာ (၅၉.၄၃) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၇၅,၉၇၆.၆၂) နှင့် တန်ဖိုး ဒေါ်လာ (၉၃.၇၁) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၃၀,၉၅၁.၇၉) နှင့် တန်ဖိုး ဒေါ်လာ (၃၄.၂၉) သန်း လျော့နည်းခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၃)

**မြေပဲဆံ**တင်ပို့မှုမှာ ယခုနှစ်တွင်တန်ချိန် (၅,၉၇၁.၇၂) ၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅.၇၄၃) သန်း တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၃၃,၃၈၃.၄၇)၊ တန်ဖိုး ဒေါ်လာ (၃၄.၈)သန်း တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန်အားဖြင့် (၂၇,၄၁၁.၇၅)နှင့် တန်ဖိုး ဒေါ်လာ (၂၉.၀၅)သန်း လျော့နည်းခဲ့ ကြောင်း တွေ့ရသည်။ (ဇယား-၄)

### (င) ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ အစီရင်ခံကာလဖြစ်သော၂၀၂၂ ခုနှစ် ဧပြီလ (၁) ရက် မှ နိုဝင်ဘာလ (၄) ရက်အထိ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၉,၈၉၁.၆၄) သန်းရှိရာ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၈၃၄၁.၆၇) သန်းရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၁၄၅၉.၉၇) သန်း/ (၁၇)% ခန့် ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရသည်။ (ဇယား-၅)


## ဇယား (၅) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှု (နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်) နှိုင်းယှဉ်မှုအခြေအနေ

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂)ထိ | | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၄-၁၁-၂၀၂၁)ထိ | | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | လယ်ယာကဏ္ဍပို့ကုန် | | ၂၄၇၂၆၉. | ၂၄၇၂၆၉. | ၂၅% | | ၂၄၂၅၇၉. | ၂၄၂၅၇၉. | ၂၉% | | ၄၆၉၁. | ၄၆၉၁. | -၄% |
| | လယ်ယာထွက်ပစ္စည်း | | ၂၀၂၇၃၆. | ၂၀၂၇၃၆. | ၂၀% | | ၁၉၉၅၀၆. | ၁၉၉၅၀၆. | ၂၄% | | ၃၂၃. | ၃၂၃. | -၄% |
| | တိရိစ္ဆာန်ထွက်ပစ္စည်း | | ၁၇၇၁. | ၁၇၇၁. | ၀.၁၈% | | ၂၉၆. | ၂၉၆. | ၀.၀၄% | | ၁၄၇၅. | ၁၄၇၅. | ၀.၁% |
| | ရေထွက်ပစ္စည်း | | ၄၂၇၆၃. | ၄၂၇၆၃. | ၄.၃% | | ၄၂၇၇၇. | ၄၂၇၇၇. | ၅.၁% | | -၀၁၄. | -၀၁၄. | -၀.၈% |
| ၂ | သတ္တုတွင်းထွက်ပစ္စည်း | ၁၅၃၄. | ၁၇၆၆၇. | ၁၉၂၀၁. | ၁.၉% | ၃၆၇၆. | ၃၉၈၂၂. | ၄၃၄၉၈. | ၅.၂% | -၂၁၄၂. | -၂၂၁၅၅. | -၂၄၂၉၇. | -၃.၂% |
| ၃ | သစ်တောထွက်ပစ္စည်း | ၀၇၁. | ၈၇၆၇. | ၈၈၃၈. | ၁% | ၀၆၉. | ၇၆၁၄. | ၇၆၈၃. | ၁% | ၀၀၂. | ၁၁၅၃. | ၁၁၅၅. | ၀.၀% |
| ၄ | စက်မှုကုန်ချောပစ္စည်း | ၂၂၃၅၅၈. | ၄၅၉၆၁၃. | ၆၈၃၁၇၁. | ၆၉% | ၁၈၉၀၆၄. | ၃၁၁၀၇. | ၅၀၀၁၃၄. | ၅၉% | ၃၄၄၉၄. | ၁၄၈၅၄၃. | ၁၈၃၀၃၆. | ၉.၇% |
| ၅ | အခြား | ၁၀၃၉၆. | ၂၀၂၈၉. | ၃၀၆၈၄. | ၃% | ၂၆၃၈၂. | ၂၂၈၉. | ၄၉၂၇၂. | ၅.၈% | -၁၅၉၈၇. | -၂၆၀၂. | -၁၈၅၈၈. | -၂.၇% |
| | စုစုပေါင်း | ၂၃၅၅၅၈. | ၇၅၃၆၀၅. | ၉၈၉၁၆၄. | | ၂၁၉၁၉၁. | ၆၂၃၉၇၆. | ၈၄၃၁၆၇. | | ၁၆၃၆၇. | ၁၂၉၆၃. | ၁၄၅၉၉၇. | ၁၇% |


လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** အနေဖြင့် ဒေါ်လာ (၂,၀၂၇.၃၆) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၁,၉၉၅.၀၆) သန်းရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၃၂.၃၀) သန်း နှင့် **တိရစ္ဆာန်ထွက်ပစ္စည်း**တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ (၁၇.၇၁) သန်းရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၂.၉၆) သန်း ရှိခဲ့သဖြင့် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ (၁၄.၇၅) သန်းနှင့် **ရေထွက်ပစ္စည်း**တင်ပို့မှုမှာ ယခုနှစ်တွင် ဒေါ်လာ (၄၂၇.၆၃) သန်း ရှိခဲ့ပြီး၊ ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၄၂၇.၇၇)သန်းဖြစ်၍ ယခင်နှစ် အလားတူကာလထက် ဒေါ်လာ (၀.၁၅)သန်း လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။(ဇယား – ၅၊ ပုံ-၇)

ရာခိုင်နှုန်းအားဖြင့် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာထွက်ပစ္စည်း ပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၂၀%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၂၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၄%) ခန့်လျော့နည်းခဲ့ပြီး၊ ရေထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၄.၃%) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၅.၁%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၀.၈%) လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ တိရိစ္ဆာန်ထွက်ပစ္စည်းပါဝင်မှုမှာ လက်ရှိဘဏ္ဍာနှစ်တွင် (၀.၁၈% ) ဖြစ်ပြီး၊ ယခင်နှစ် အလားတူကာလတွင် (၀.၀၄%) ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် (၀.၁%) တိုးမြင့်တင်ပို့ခဲ့သည်ကိုတွေ့ရှိရသည်။ (ဇယား– ၅ ၊ ပုံ–၈)




ပုံ (၇)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး

လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်ပစ္စည်းများပါဝင်သည့် လယ်ယာကဏ္ဍ တစ်ခုလုံးအနေဖြင့် ပို့ကုန်တန်ဖိုးမှာ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂) ရက်ထိ ဒေါ်လာ (၂,၄၇၂.၆၉) သန်း ရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၂,၄၂၅.၇၉) သန်း ရှိခဲ့သည့်အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၆.၉၁) သန်းခန့် တိုးမြင့်တင်ပို့ခဲ့ပြီး၊ စုစုပေါင်းပို့ကုန် တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ်တွင် (၂၅%) ရှိလာခဲ့ကာ၊ ယခင်နှစ် အလားတူကာလတွင် (၂၉%) ဝန်းကျင်ရှိခဲ့သည့်အတွက် ပါဝင်မှု % အနေဖြင့် လည်း (၄%)ခန့် လျော့နည်းခဲ့သည်ကို တွေ့ရှိရသည်။ (ဇယား-၅၊ ပုံ-၈)




၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂)ထိ　　　　၂၀၂၁-၂၀၂၂ (၁-၄-၂၀၂၁ မှ ၄-၁၁-၂၀၂၁)ထိ

ပုံ (၈)။ လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာကဏ္ဍပို့ကုန်ပါဝင်မှု %

### (စ) ၂၀၂၁–၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်

ပို့ကုန်တင်ပို့မှုများကို ၂၀၂၁–၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာလထိ) တို့ နှိုင်းယှဉ်ပါက ပို့ကုန်တင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ၂၀၂၁–၂၂ Mini Budget တွင် အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာလထိ) တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်းတင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁–၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (ဇယား–၆)

ဇယား(၆)– ကုန်စည်အုပ်စုအလိုက်တင်ပို့မှုနှိုင်းယှဉ်ချက်

ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၄၆၂၄.၂၀ | ၂၄၀၇.၈၆ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၀.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၅၈ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၄.၀၇ |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၉၇.၁၉ | ၈၂၅၃.၄၁ | ၄၆၈၄.၅၄ |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၁၃ |
| | စုစုပေါင်း | ၈၉၇၇.၀၃ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၃ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၄ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၁ | ၁၇၆၈၁.၀၉ | ၁၅၃၆၃.၂၈ | ၈၂၇၉.၄၄ |

၂၀၂၁–၂၂ Mini Budget ပို့ကုန်တင်ပို့မှုတွင် **လယ်ယာထွက်ပစ္စည်းတင်ပို့မှု တန်ဖိုး ဒေါ်လာ (၂,၄၀၇.၈၆) သန်း** ပါဝင်ခဲ့ရာ အဆိုပါတင်ပို့မှုတွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇) သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃) သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃) သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၉) သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် **အခြားလယ်ယာထွက်ကုန်ပစ္စည်း** ဒေါ်လာ (၂၈၃.၀၅) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ (ဇယား–၇၊ ပုံ–၉)

ဇယား (၇) - အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက် မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ |




ပုံ (၉) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဂရပ်

## (ဆ) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လထိ) ပို့ကုန်တင်ပို့နိုင်မှု နှိုင်းယှဉ်ချက်


၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ(အောက်တိုဘာလမှ မတ်လထိ) ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂တွင် စုစုပေါင်း တင်ပို့မှုမှာ (၂,၄၀၇.၈၆) သန်း ရှိခဲ့ပြီး၊ ၂၀၂၀-၂၁ အလားတူကာလတွင် (၂,၉၂၈.၁၄) သန်း တင်ပို့နိုင်ခဲ့သဖြင့် အလားတူကာလထက် (၅၂၀.၂၈) သန်း

လျော့နည်း တင်ပို့ခဲ့ကြောင်းတွေ့ရပြီး၊ ပို့ကုန် အမယ်အလိုက်တင်ပို့မှုတွင် ယခင်နှစ်ထက် **ဆန်နှင့်ဆန်ကွဲ** အမေရိကန်ဒေါ်လာ (၁၅.၈၃) သန်း၊ **ပဲအမျိုးမျိုးတွင်** ဒေါ်လာ (၂၄.၆) သန်း၊ **ပြောင်းတွင်** ဒေါ်လာ (၃၆.၇၄) သန်း၊ **ရာဘာစိမ်းတွင်** ဒေါ်လာ (၉.၄၈) သန်း အသီးသီးတိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး **နှမ်းတွင်** ဒေါ်လာ (၉၀.၂၈) သန်းနှင့် **အခြားသီးနှံများတွင်** ဒေါ်လာ (၅၁၆.၆၅)သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၈၊ ပုံ-၁၀)

ဇယား (၈) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈(Mini Budget) (ဧပြီမှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနားချက် |
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆ | ၁၁၄၂.၄ | ၃၉၀.၉၁ | ၇၀၉.၇ | ၇၉၄.၃၉ | ၇၀၀.၁၃ | ၄၄၄.၂၇ | ၄၂၈.၄၄ | ၁၅.၈၃ |
| ၂ | ပဲအမျိုးမျိုး | ၁,၃၉၈.၉၁ | ၈၈၆.၇၂ | ၃၉၇.၆၁ | ၁,၀၂၆.၃၁ | ၁,၁၉၅.၈၁ | ၁,၅၇၀.၇၃ | ၈၃၀.၆၃ | ၈၀၆.၀၃ | ၂၄.၆ |
| ၃ | ပြောင်း | ၂၅၂.၅၉ | ၂၉၄.၅၀ | ၈၄.၃၇ | ၂၇၇.၀၈ | ၃၆၈.၃၇ | ၅၃၆.၃၄ | ၃၆၈.၂၃ | ၃၃၁.၄၉ | ၃၆.၇၄ |
| ၄ | နှမ်း | ၁၄၅.၆၉ | ၁၄၇.၀၆ | ၃၆.၄၄ | ၁၉၃.၆၂ | ၂၇၉.၃၉ | ၃၃၈.၉၈ | ၁၉၄.၁၉ | ၂၈၄.၄၇ | -၉၀.၂၈ |
| ၅ | ရာဘာ | ၁၉၇.၃၆ | ၁၉၃.၇၅ | ၈၈.၃၆ | ၂၅၇.၇၅ | ၂၆၄.၄၄ | ၄၃.၇၆ | ၂၈၇.၅ | ၂၇၈.၀၂ | ၉.၄၈ |
| ၆ | အခြား | ၃၇၉.၅၉ | ၄၂၂.၇ | ၂၈၁.၀၇ | ၇၉၇.၁၄ | ၈၂၃.၃၀ | ၁၄၃၄.၁၉ | ၂၈၃.၀၅ | ၇၉၉.၇ | -၅၁၆.၆၅ |
| | စုစုပေါင်း | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇ | ၄,၆၂၄.၁၃ | ၂,၄၀၇.၈၆ | ၂,၉၂၈.၁၄ | -၅၂၀.၂၈ |




ပုံ (၁၀) ။ အဓိကလယ်ယာထွက်ကုန်အမယ်များ၏ တင်ပို့နိုင်မှု ကာလတူ (အောက်တိုဘာမှ မတ်လထိ)နှိုင်းယှဉ်မှု

## (၉) ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ခုနှစ်၊ **အောက်တိုဘာလ**အတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၃၂၉၁၂.၇) ၊ တန်ဖိုး ဒေါ်လာ (၃၃.၈၇) သန်း၊ ပုဇွန်မှာ တန်ချိန် (၁၃၄၅.၈၂)၊ တန်ဖိုး ဒေါ်လာ (၄.၆၆) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၃၅၁၀.၅၂)၊ တန်ဖိုးဒေါ်လာ (၃၂.၂၂) သန်း ရရှိခဲ့သည်ကိုသိရှိရပါသည်။ (ဇယား-၉)

ဇယား (၉) - ၂၀၂၂-၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၃၃၉၅၃၄.** | **၁၅၅၉.** | **၁၂၁၁၇.** | **၄၀၇.** | **၅၂၃၃၂၉.** | **၁၅၁၆.** | **၁၉၈၄၀၃၃.** | **၃၄၈၂.** |
| | (က) ပုဂ္ဂလိကကုမ္ပဏီများ | ၁၃၃၉၅၃၄. | ၁၅၅၉. | ၁၂၁၁၇. | ၄၀၇. | ၅၂၃၃၂၉. | ၁၅၁၆. | ၁၉၈၄၀၃၃. | ၃၄၈၂. |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၉၅၁၇.၃၆** | **၁၈.၂၄** | **၁၃၄.၁၃** | **၀.၆၀** | **၈၂၇၇.၂၂** | **၁၇.၀၆** | **၂၇၉၂၈၇.** | **၃၅၈၉.** |
| | (က) မြဝတီ | ၃၃၈.၄၁ | ၀၄၄၉. | ၄၉. | ၀၀၆. | ၁၀၈၁၇၄၃. | ၂.၁၀ | ၁၄၂၅၀၃. | ၂၆၁. |
| | ( ခ ) ကော့သောင်း | ၁၇၇၉၈၈၆. | ၁၆၁၄. | ၁၂၈၆၂၅. | ၀၅၄. | ၁၂၇၆၁၆၂. | ၃.၅၂၃ | ၁၉၂၀၃၆၄. | ၂၀၁၉. |
| | ( ဂ ) စစ်တွေ | ၉၇၁၈. | ၁၂၁၆. | | | ၆ | ၀၀၁. | ၉၇၇၈. | ၁၂၂. |
| | (ဃ) မြိတ် | | | | | ၁၃၂၀. | ၁.၁၈၈ | ၁၃၂၀. | ၁၁၉. |
| | ( င ) မူဆယ် | | | | | ၂၃၁၇၁၀၇. | ၈.၂၅၈ | ၂၃၁၇၁၁. | ၈၂၆. |
| | ( စ ) မောင်တော | | | | | ၅.၀၀၀ | ၀.၀၀၃ | ၅. | ၀၀၀၃. |
| | (ဆ) တမူး | | | | | | | ၀. | ၀. |
| | ( ဇ ) ချင်းရွှေဟော် | | | | | | | ၀. | ၀. |
| | ( ဈ ) ထီးခီး | | | | | | | ၀. | ၀. |
| | (ည) ရိ(ဒ်) | | | | | | | ၀. | ၀. |
| | (ဋ) မောတော | ၄၀၈၂၉. | ၀၄၃၅. | ၀၆၂. | ၀၀၀၅. | ၆၂၈.၄၆၀ | ၁၁၆၄. | ၁၀၃၇၃၇. | ၁၆. |
| | (ဌ) ကျိုင်းလတ် | | | | | ၁၆၄၂.၇၅၀ | ၀၈၂၁. | ၁၆၄၂၇၅. | ၀၈၂. |
| | ၂၀၂၂-၂၃ အောက်တိုဘာလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၃၂၉၁၂.၇၀ | ၃၃.၈၃ | ၁၃၄၅.၈၂ | ၄.၆၆ | ၁၃၅၁၀.၅၂ | ၃၂.၂၂ | ၄၇၇၆၉.၀၃ | ၇၀.၇၁ |
| | ၂၀၂၁-၂၂ အောက်တိုဘာလအတွင်း ပြည်ပပို့ကုန်စုစုပေါင်း | ၃၄၄၁၁.၇၉ | ၃၈.၂၄ | ၁၃၁၉.၈၀ | ၆.၆၄ | ၁၀၅၇၁.၁၉ | ၂၇.၄၄ | ၄၆၃၀၂.၇၈ | ၇၂.၃၂ |
| | ခြားနားချက် | -၁၄၉၉.၀၉ | -၄.၄၁ | ၂၆.၀၂ | -၁.၉၈ | ၂၉၃၉.၃၂ | ၄.၇၈ | ၁၄၆၆.၂၆ | -၁၆.၁ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန် အားဖြင့် (၁၄၉၉.၀၉)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၄.၄၁) သန်းလျော့နည်းတင်ပို့ခဲ့ပြီး၊ ပုဇွန်မှာ တန်ချိန် (၂၆.၀၂) **ပိုမိုတင်ပို့ခဲ့သော်လည်း** တန်ဖိုးဒေါ်လာအနေဖြင့် (၁.၉၈) သန်း လျော့နည်းခဲ့ သည်ကိုတွေ့ရသည်။ အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၂၉၃၉.၃၂) ၊ တန်ဖိုး ဒေါ်လာ (၄.၇၈) သန်း အသီးသီး တိုးမြင့်တင်ပို့ခဲ့ပါသည်။ (ဇယား-၉)

## (ဈ) (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေ အနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ ကြောင်း သိရသည်။(ဇယား-၁၀)

ဇယား (၁၀) - ကုန်စည်ပစ္စည်းများအလိုက်တင်သွင်းမှုတန်ဖိုးအခြေပြဇယား
၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၃ (၁ -၄-၂၀၂၂ မှ ၄- ၁၁-၂၀၂၂ ထိ)

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ **Mini Budget (ယာယီ)** | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂ ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ | ၂၂၅၁.၁၇၅ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ | ၄၈၀၇.၁၂ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ | ၁၈၃၇.၈၄ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ | ၁၆၁၁.၃၃ |
| **စုစုပေါင်း** | | ၉၀၆၈.၉၁ | ၁၃၇၅၉.၅၁ | ၁၆၆၃၃.၁၅ | ၁၆၅၇၇.၉ | ၁၇၂၁၁.၀၆ | ၁၈၆၉၄.၉ | ၉၈၆၇.၇၈ | ၁၈၀၈၆.၆ | ၁၉၀၅၀.၉ | ၁၄၆၈၆.၀၆ | ၇၉၅၅ .၂၆ | ၁၀၅၀၇.၄၇ |

## (ည) ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက် မှ နိုဝင်ဘာလ(၁၁) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၄-၁၁-၂၀၂၂) ထိ သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၁၀,၅၀၇.၄၇) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၂,၂၅၁.၁၈) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၄,၈၀၇.၁၂) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁၈၃၇.၈၄) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁၆၁၁.၃၃) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၁၀)


## ၁။ လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

(၁-၄-၂၀၂၂) မှ (၄-၁၁-၂၀၂၂) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ၏** တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၂၈၃,၈၈၈) ၊ တန်ဖိုးဒေါ်လာ (၃၈၅.၇၉) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၆၉၅,၃၉၀) ၊ တန်ဖိုး ဒေါ်လာ (၃၉၆.၀၉) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၀၅,၇၅၃) ၊ တန်ဖိုး(၄၈.၄၅) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၉,၀၄၉) ၊ တန်ဖိုး (၃.၀၉) သန်း ပါရှိခဲ့ပါသည်။ (စာရင်းဇယား -၁၁၊ ပုံ-၁၁၊ ၁၂ )


ဇယား (၁၁) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ နိုဝင်ဘာလ ၄ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၃၇၀၈.၈၈၂ | ၂၅၄၇.၄၆၂ | ၁၁၆၁.၄၂၀ | ၃၃၂% |
| ၁ | ဒီဇယ် | US$ | ၁၆၀၇၃၉. | ၇၄၆၇၁. | ၈၆၀၆၈. | ၁၁၅% |
| | | တန် | ၁၃၉၉၇၁၂ | ၁၂၈၅၅၇၄ | ၁၁၄၁၃၈ | ၉% |
| ၂ | ဓါတ်ဆီ | US$ | ၁၀၈၃၀၄. | ၅၉၂၉၉. | ၄၉၀၀၅. | ၈၃% |
| | | တန် | ၉၃၇၁၈၉ | ၈၈၄၈၆၂ | ၅၂၃၂၇ | ၆% |
| ၃ | စားအုန်းဆီ | US$ | ၃၈၅၈. | ၅၂၀၆၅. | -၁၃၄၈၆. | -၂၆% |
| | | တန် | ၂၈၃၈၈၈ | ၄၆၁၂၄၇ | -၁၇၇၃၅၉ | -၃၈% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၁၉၂၀. | ၂၇၄၀၆. | -၁၅၄၈၆. | -၅၇% |
| | | စီး | ၂၀၄၉ | ၁၂၀၂၄ | -၉၉၇၅ | -၈၃% |
| | လူစီးယာဉ် | US$ | ၃၈၉. | ၁၀၄၈၉. | -၁၀၁၀၀. | -၉၆% |
| | | စီး | ၁၁၉ | ၆၅၁၅ | -၆၃၉၆ | -၉၈% |
| | ဘတ်စ် | US$ | ၁၉၀. | ၃၈၁. | -၁၉၁. | -၅၀% |
| | | စီး | ၁၁၇ | ၁၈၅ | -၆၈ | -၃၇% |
| | ထရပ် | US$ | ၆၀၉. | ၂၈၂၅. | -၂၂၁၆. | -၇၈% |
| | | စီး | ၅၂၃ | ၂၇၆၅ | -၂၂၄၂ | -၈၁% |
| | ယန္တယား | US$ | ၆၇၉၈. | ၁၀၄၃၁. | -၃၆၃၃. | -၃၅% |
| | | စီး | ၁၂၉၀ | ၂၅၅၉ | -၁၂၆၉ | -၅၀% |
| | ယာဉ်အပိုပစ္စည်း | US$ | ၃၉၃၅. | ၃၂၈၁. | ၆၅၄. | ၂၀% |
| ၅ | ဘိလပ်မြေ | US$ | ၂၀၉၉. | ၄၂၃၄. | -၂၁၃၅. | -၅၀% |
| | | တန် | ၂၄၅၈၅၈ | ၅၄၆၃၄၅ | -၃၀၀၄၈၇ | -၅၅% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၃၉၆၀၉. | ၂၃၂၇၆. | ၁၆၃၃၄. | ၇၀% |
| | | တန် | ၆၉၅၃၉၀ | ၆၇၃၀၃၈ | ၂၂၃၅၂ | ၃% |
| ၇ | ဂျုံစေ့ | US$ | ၄၈၄၅. | ၉၁၇၈. | -၄၃၃၂. | -၄၇% |
| | | တန် | ၁၀၅၇၅၃ | ၂၇၇၀၇၈ | -၁၇၁၃၂၅ | -၆၂% |
| ၈ | ဂျုံမှုန့် | US$ | ၃၀၉. | ၀၉၇. | ၂၁၃. | ၂၂၀% |
| | | တန် | ၉၀၄၉ | ၂၃၁၄ | ၆၇၃၅ | ၂၉၁% |
| ၉ | နို့ဆီ | US$ | ၁၄၀၉. | ၉၆၆. | ၄၄၃. | ၄၆% |
| | | တန် | ၁၀၃၄၄ | ၇၆၂၉ | ၂၇၁၅ | ၃၆% |
| ၁၀ | နို့စိမ်း | US$ | ၁၈၉၆. | ၁၆၁၆. | ၂၈၀. | ၁၇% |
| | | တန် | ၁၃၃၉၆ | ၁၂၄၂၃ | ၉၇၃ | ၈% |
| ၁၁ | နို့မှုန့် | US$ | ၁၁၇၉. | ၁၉၄၀. | -၇၆၀. | -၃၉% |
| | | တန် | ၃၈၀၂ | ၆၄၈၄ | -၂၆၈၂ | -၄၁% |




ပုံ(၁၁)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ပုံ(၁၂)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁၀,၃၄၄) ၊ တန်ဖိုးဒေါ်လာ (၁၄.၀၉) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၃,၃၉၆ )၊ တန်ဖိုးဒေါ်လာ (၁၈.၉၆) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၃,၈၀၂)၊ တန်ဖိုးဒေါ်လာ (၁၁.၇၉) သန်း စီပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၁)

ဇယား(၁၂) ၂၀၂၂-၂၀၂၃ ခုနှစ် ၊ ဧပြီလမှ **အောက်တိုဘာလအထိ** စိုက်ပျိုးရေးသွင်းအားစု မြေဩဇာများ တင်သွင်းမှုအခြေအနေ

| စဉ် | အမျိုးအစား | ဧပြီလ | | မေလ | | ဇွန်လ | | ဇူလိုင်လ | | ဩဂုတ်လ | | စက်တင်ဘာလ | | အောက်တိုဘာလ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် |
| ၁ | Nitrogen | ၁၅၉၇၁ | ၃၅ | ၆၂၅၉၃ | ၅၀ | ၄၉၂၁၀ | ၇၆ | ၁၆၀၈၂၄ | ၆၉ | ၂၄၄၄၆၃ | ၇၄ | ၁၁၂၁၆၈ | ၄၃ | ၆၅၄၉၀ | ၂၄ | ၇၁၀၇၁၉ | ၃၇၁ |
| ၂ | Phosphate | ၁၂၅၆ | ၁ | ၄၃၈၁ | ၄ | ၁၄၂၀ | ၁ | ၆၂၅၀ | ၅ | ၂၃၀၀၀ | ၇ | ၂၆၇၅၀ | ၆ | ၇၀၀၀ | ၂ | ၇၀၀၅၇ | ၂၆ |
| ၃ | Potassium | ၁၃၅ | ၄ | ၁၀၂၀ | ၃ | ၂၈၀၅ | ၆ | ၂၀၅၉ | ၄ | ၃၅၀ | ၁ | ၃၂၅ | ၃ | ၇၀၀ | ၂ | ၇၄၀၄ | ၂၃ |
| ၄ | Compound | ၁၆၁၀၆ | ၄၅ | ၅၅၀၅၃ | ၃၆ | ၁၉၅၆၇ | ၅၂ | ၇၃၆၉၉ | ၅၇ | ၃၉၉၃၇ | ၅၄ | ၄၆၄၁၁ | ၃၇ | ၅၃၉၂၀ | ၂၅ | ၃၀၄၆၉၃ | ၃၀၆ |
| ၅ | Follar | ၁၉၃ | ၂၀ | ၄၅၇ | ၂၈ | ၅၇ | ၄၇ | ၈၄၆ | ၆၂ | ၅၄၄ | ၅၀ | ၁၉၇၇ | ၈၁ | ၁၁၁၄ | ၂၃ | ၅၁၈၈ | ၃၁၁ |
| ၆ | Organic | ၂၉၁ | ၂ | ၇၇ | ၂ | ၇၁၃ | ၅ | ၂၅၈ | ၃ | ၂၁၀၆ | ၃ | ၃၁၄ | ၃ | ၃၈၂ | ၁ | ၄၁၄၁ | ၁၉ |
| ၇ | Gypsum | ၆၄ | ၁ | ၁၉၂ | ၂ | ၁၆၀ | ၂ | | | | | ၃၈၄ | ၁ | | | ၈၀၀ | ၆ |
| ၈ | Other | ၄၇ | ၈ | ၃၅၃ | ၉ | ၂၁ | ၁၀ | ၄၆၀ | ၆ | ၂၁၂၈ | ၁၁ | ၁၁၉၈၃ | ၁၁ | ၈၉၇ | ၇ | ၁၅၈၈၉ | ၆၂ |
| စုစုပေါင်း | | ၃၄၀၆၃ | ၁၁၆ | ၁၂၄၁၂၆ | ၁၃၄ | ၇၃၉၆၃ | ၁၉၉ | ၂၄၄၃၉၆ | ၂၀၆ | ၃၁၂၅၂၈ | ၂၀၀ | ၂၀၀၃၁၂ | ၁၈၅ | ၁၂၉၅၀၃ | ၈၄ | ၁၁၁၈၈၉၁ | ၁၁၂၄ |

အရင်းအမြစ်။ မြေအသုံးချရေးဌာနခွဲ၊ MOALI

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ၂၀၂၂-၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် မြေဩဇာတင်သွင်းထောက်ခံချက် (၈၄) စောင် ထုတ်ပေးခဲ့ပြီး တန်ချိန်အားဖြင့် (၁၂၉,၅၀၃) တန် တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ အဆိုပါတင်သွင်းမှုတွင် နိုင်ထရိုဂျင် (၆၅,၄၉၀) တန်၊ ဖော့စဖိတ် (၇,၀၀၀) တန် ၊ ပိုတက်စီယမ် (၇၀၀) တန်၊ ကွန်ပေါင်း (၅၃,၉၂၀) တန်၊ ဖော်လာ (၁,၁၁၄) တန်၊ ဩော်ဂဲနစ် (၃၈၂)နှင့် အခြားမြေဩဇာစုစုပေါင်း (၈၉၇) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (ဇယား-၁၂)

## (ဋ) သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်မှ နိုဝင်ဘာလ (၄) ရက်ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁၀,၅၀၇.၄၇) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် ဒေါ်လာ (၈၀၈၃.၉၁)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၂၄၂၃.၅၆) ( %) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၃)

**ဇယား (၁၃) - ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက်အခြေပြဇယား**

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၄-၁၁-၂၂)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၄-၁၁-၂၀၂၁)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၆၉၃၈၄. | ၁၅၅၇၃၃. | ၂၂၅၁၁၈. | ၃၈၁၈၁. | ၁၇၀၄၉. | ၂၀၈၆.၇၁ | ၃၁၂.၀၃ | -၁၄၇၅၆. | ၁၆၄၄၇. | ၈% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၇၂၇၃. | ၄၇၃၄၃၉. | ၄၈၀၇၁၂. | ၄၂၈၇. | ၂၉၆၃၄၉. | ၃၀၀၆.၃၆ | ၂၉.၈၆ | ၁၇၇၀၉. | ၁၈၀၀၇၆. | ၆၀% |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၀၅၅၈. | ၁၇၃၂၂၆. | ၁၈၃၇၈၄. | ၁၁၀၄. | ၂၀၅၉၀၉. | ၂၀၇၀.၁၃ | ၉၄.၅၄ | -၃၂၆၈၂. | -၂၃၂၂၉. | -၁၁% |
| ၄ | CMP | | ၁၆၁၁၃၃. | ၁၆၁၁၃၃. | | ၉၂၀၇၂. | ၉၂၀.၇၂ | ၀.၀ | ၆၉၀၆၂. | ၆၉၀၆၂. | ၇၅% |
| | စုစုပေါင်း | ၈၇၂၁၅. | ၉၆၃၅၃၂. | ၁၀၅၀၇.၄၇ | ၄၃၅၇၂. | ၇၆၄၈၁၉. | ၈၀၈၃.၉၁ | ၄၃၆.၄၃ | ၁၉၈၇.၁၃ | ၂၄၂၃၅၆. | ၃၀% |

ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၄,၈၀၇.၁၂) သန်းဖြင့် အများဆုံးနှင့် လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁,၈၃၇.၈၄) သန်း ဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၃,၀၀၆.၃၆) အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂,၀၈၆.၇၁)သန်းဖြင့် ဒုတိယအများဆုံးတင်သွင်းခဲ့သည်ကိုတွေ့ရသည်။ (ဇယား-၁၃)

လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၁၇၇,၃၅၉)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၃၄.၈၆)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၇၁,၃၂၅)နှင့်

တန်ဖိုးအားဖြင့် ဒေါ်လာ (၄၃.၃၂) သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရသည်။ အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၆,၇၃၆)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၁၃) သန်း နှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန်အားဖြင့် (၂၂,၃၅၂)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၆၃.၃၄)သန်း တိုးမြင့် တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ (ဇယား -၁၁၊ ပုံ-၁၁၊ ၁၂)

## (၅) ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၀၂၁-၂၂ Mini Budget (အောက်တိုဘာလမှ မတ်လထိ) နှင့် ၂၀၁၈ Mini Budget (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ပါက ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်း ဒေါ်လာ (၇,၉၅၅.၂၆) သန်းတင်သွင်းခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၉,၈၆၇.၇၈) သန်း တင်သွင်းခဲ့သဖြင့် ၂၀၂၁-၂၂ ခုနှစ်တွင် ၂၀၁၈ ခုနှစ်ထက် ဒေါ်လာ (၁,၉၁၂.၅၂) သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ (ဇယား-၁၄)

၂၀၂၁-၂၂ Mini Budget တွင် သွင်းကုန်များမှ လယ်ယာကဏ္ဍ သွင်းကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ** တန်ချိန် (၃၀၂,၃၆၂) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၂၀.၇၈)သန်း၊ **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၄၀,၃၁၇) နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၂၁.၇၂၅)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၈၁,၈၄၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၆၈.၇၁)သန်း၊ **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၂,၉၉၀)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၃၉) သန်း တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၆)

ဇယား (၁၄) - ၂၀၂၁-၂၂ Mini Budget နှင့် ၂၀၁၈ Mini Budget သွင်းကုန်တင်သွင်းမှု
နှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ Mini Budget (ယာယီ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၃၈၄၂.၄၅ | ၅၆၉၁.၉၅ | ၈၀၃၇.၅၆ | ၈၂၅၃.၈၉ | ၆၉၁၉.၃၉ | ၆၅၉၀.၄၁ | ၃၄၅၅.၃၄ | ၅၈၆၁.၄၅ | ၇၃၁၅.၃၃ | ၄၇၄၀.၄၇ | ၈၉၇ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၃၇၂၈.၈၄ | ၅၆၈၄.၀၃ | ၅၆၈၂.၄၉ | ၄၈၂၀.၇၂ | ၆၁၆၅.၃၆ | ၇၆၈၅.၀၆ | ၃၇၆၅.၈၅ | ၇၃၇၉.၆၉ | ၆၈၇၃.၂၇ | ၅၄၃၃.၈၂ | ၈၃၃.၃၉ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၁၄၉၇.၆၂ | ၂၃၈၃.၅၂ | ၂၉၁၃.၁ | ၃၅၀၃.၃၅ | ၄၁၂၆.၃၁ | ၄၄၁၉.၄၃ | ၂၆၄၆.၅၉ | ၄၈၄၅.၄၇ | ၄၈၆၂.၂၆ | ၄၅၀၁.၇၆ | ၅၄၅.၂၅ |
| (ဃ) | CMP | - | - | - | - | - | - | - | - | - | - | ၂၀၅.၇၂ |
| | **စုစုပေါင်း** | **၉၀၆၈.၉၁** | **၁၃၇၅၉.၅၁** | **၁၆၆၃၃.၁၅** | **၁၆၅၇၇.၉** | **၁၇၂၁၁.၀၆** | **၁၈၆၉၄.၉** | **၉၈၆၇.၇၈** | **၁၈၀၈၆.၆** | **၁၉၀၅၀.၉** | **၁၄၆၈၆.၀၆** | **၇၉၅၅.၂၆** |


(၃) ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၀၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လ)သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

ကုန်ပစ္စည်းအမျိုးအစားအလိုက် သွင်းကုန်တင်သွင်းမှုကို ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာလ မှ မတ်လ) နှိုင်းယှဉ်ပါက စုစုပေါင်း သွင်းကုန်တင်သွင်းမှုမှာ ၂၀၂၁-၂၂ တွင် အမေရိကန်ဒေါ်လာ (၇,၉၅၅.၂၆) သန်း တင်သွင်းခဲ့ပြီး၊ ၂၀၂၀-၂၁ တွင် (၇,၇၉၀.၅) သန်း တင်သွင်းခဲ့သဖြင့် ယခုနှစ်တွင် (၁၆၄.၇၁)သန်း ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ၂၀၂၁-၂၂ တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁,၂၈၈.၁၅) သန်း လျော့နည်းတင်သွင်းခဲ့ပြီး ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တန်ဖိုး (၉၉၈.၂၃) သန်း၊ လူသုံးကုန်ပစ္စည်း (၁၂၅.၅၃) သန်း နှင့် CMP (၃၂၉.၁) သန်း ပိုမို တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။(ဇယား-၁၅၊ ပုံ-၁၃)

ဇယား (၁၅) - ၂၀၂၁-၂၂ နှင့် ၂၀၂၀-၂၁ ကာလတူ (အောက်တိုဘာ မှ မတ်လထိ)
သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ကာလတူနှိုင်းယှဉ်ချက် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ၂၀၂၁-၂၂ (အောက် မှ မတ်) | ၂၀၂၀-၂၁ (အောက် မှ မတ်) | ခြားနား ချက် |
| (က) | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၁၁၅.၃၃ | ၄,၇၄၀.၄၇ | ၁,၄၉၂.၁၇ | ၂,၇၈၀.၃၁ | -၁,၂၈၈.၁၅ |
| (ခ) | လုပ်ငန်းသုံးကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၃၃.၈၂ | ၃,၅၇၃.၀၆ | ၂,၅၇၄.၈၃ | ၉၉၈.၂၃ |
| (ဂ) | လူသုံးကုန်ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၁,၇၄၅.၆၇ | ၁,၆၂၀.၁၅ | ၁၂၅.၅၃ |
| (ဃ) | CMP | - | - | - | - | - | - | ၁,၁၄၄.၃၅ | ၈၁၅.၂၆ | ၃၂၉.၁ |
| | စုစုပေါင်း | ၁၇,၂၁၁.၀၆ | ၁၈,၆၉၄.၉ | ၉,၈၆၇.၇၈ | ၁၈,၀၈၆.၆ | ၁၉,၀၅၀.၉ | ၁၄,၆၈၆.၀၆ | ၇,၉၅၅.၂၆ | ၇,၇၉၀.၅၅ | ၁၆၄.၇၁ |




ပုံ(၁၃)။ သွင်းကုန်တင်သွင်းမှု ကာလတူ နှိုင်းယှဉ်ပြဂရပ်

## ဇယား (၁၆) အဓိကကုန်ပစ္စည်း(၁၁)မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ယခုနှစ် (၂၀၂၁-၂၀၂၂) (အောက် မှ မတ်လ ထိ ) | ယခင်နှစ် (၂၀၂၀-၂၀၂၁) (အောက် မှ မတ်လ ထိ ) | ခြားနားချက် | |
|---|---|---|---|---|---|---|
| | | | | | ပမာဏ | % |
| | စုစုပေါင်း | US$ | ၂၄၁၁.၅၂၉ | ၁၈၇၉.၆၁၇ | ၅၃၁.၉၁၂ | ၂၈% |
| ၁ | ဒီဇယ် | US$ | ၁၁၉၅.၁၂၈ | ၆၄၆.၂၀၈ | ၅၄၈.၉၂ | ၈၅% |
| | | တန် | ၁၅၈၅၆၇၅ | ၁၆၂၅၅၇၄ | -၃၉၈၉၉ | -၂% |
| ၂ | ဓါတ်ဆီ | US$ | ၈၁၅.၄၀၄ | ၄၄၁.၆၆ | ၃၇၃.၇၄၄ | ၈၅% |
| | | တန် | ၉၈၁၈၈၁ | ၉၃၃၇၅၃ | ၄၈၁၂၈ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၄၂၀.၇၇၈ | ၃၆၈.၅၉၆ | ၅၂.၁၈၂ | ၁၄% |
| | | တန် | ၃၀၂၃၆၂ | ၄၁၃၂၈၄ | -၁၁၀၉၂၂ | -၂၇% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၇၈.၇၃၇ | ၄၅၁.၀၅ | -၂၇၂.၃၁၃ | -၆၀% |
| | | စီး | ၄၇၀၅ | ၁၈၀၀၁ | -၁၃၂၉၆. | -၇၄% |
| | လူစီးယာဉ် | US$ | ၄၉.၅၀၁ | ၁၃၇.၉၅ | -၈၈.၄၄၉ | -၆၄% |
| | | စီး | ၂၃၄၈ | ၈၉၂၀ | -၆၅၇၂ | -၇၄% |
| | ဘတ်စ် | US$ | ၂.၀၄၃ | ၇.၉၉၇ | -၅.၉၅၄ | -၇၄% |
| | | စီး | ၁၃၂ | ၄၁၄ | -၂၈၂ | -၆၈% |
| | ထရပ် | US$ | ၉.၃၄၉ | ၄၈.၅၆၁ | -၃၉.၂၁၂ | -၈၁% |
| | | စီး | ၈၄၆ | ၃၉၃၁ | -၃၀၈၅ | -၇၈% |
| | ယန္တယား | US$ | ၉၃.၇၄၇ | ၁၉၉.၀၉၉ | -၁၀၅.၃၅၂ | -၅၃% |
| | | စီး | ၁၃၇၉ | ၄၇၃၆ | -၃၃၅၇ | -၇၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၄.၀၉၆ | ၅၇.၄၄၂ | -၃၃.၃၄၆ | -၅၈% |
| ၅ | ဘိလပ်မြေ | US$ | ၁၇.၈၂၅ | ၄၂.၈၃၂ | -၂၅.၀၀၇ | -၅၈% |
| | | တန် | ၂၀၇၄၈၃ | ၅၆၈၈၆၃ | -၃၆၁၃၈၀ | -၆၄% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၂၁.၇၂၅ | ၁၅၉.၈၆၃ | ၆၁.၈၆၂ | ၃၉% |
| | | တန် | ၄၄၀၃၁၇ | ၆၆၇၃၉၇ | -၂၂၇၀၈၀ | -၃၄% |
| ၇ | ဂျုံစေ့ | US$ | ၆၈.၇၀၆ | ၅၆.၂၁၉ | ၁၂.၄၈၇ | ၂၂% |
| | | တန် | ၁၈၁၈၄၀ | ၂၀၅၁၃၄ | -၂၃၂၉၅ | -၁၁% |
| ၈ | ဂျုံမှုန့် | US$ | ၁.၃၈၅ | ၂.၂၂၉ | -၀.၈၄၄ | -၃၈% |
| | | တန် | ၂၉၉၀ | ၆၈၂၂ | -၃၈၃၂ | -၅၆% |
| ၉ | နို့ဆီ | US$ | ၁၀.၄၀၆ | ၁၁.၇၁၃ | -၁.၃၀၇ | -၁၁% |
| | | တန် | ၈၀၀၅ | ၁၀၂၆၀ | -၂၂၅၅ | -၂၂% |
| ၁၀ | နို့စိမ်း | US$ | ၁၃.၁၇၅ | ၁၇.၄၂၃ | -၄.၂၄၈ | -၂၄% |
| | | တန် | ၉၇၆၃ | ၁၄၂၄၅ | -၄၄၈၂ | -၃၁% |
| ၁၁ | နို့မှုန့် | US$ | ၁၉.၉၅၀ | ၁၈.၅၁၁ | ၁.၄၃၉ | ၈% |
| | | တန် | ၅၄၉၆ | ၇၇၃၁ | -၂၂၃၅ | -၂၉% |

မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်အမယ် (၁၁)မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာ ကုန်ပစ္စည်းဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန်(၁၁၀,၉၂၁) လျော့နည်း တင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၂.၁၈၂) သန်းတိုးမြင့်လာခဲ့သည်ကို တွေ့ရသည်။ အခြားကုန်စည်များဖြစ်သော **ဂျုံမှုန့်** မှာ တန်ချိန် (၃,၈၃၂)၊ တန်ဖိုး ဒေါ်လာ (၀.၈၄၄) သန်း လျော့နည်းခဲ့သည်။ **ဂျုံစေ့**မှာ တန်ချိန် (၂၃,၂၉၅) လျော့နည်းတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၁၂.၄၈၇) သန်းတိုးမြင့် တင်သွင်းခဲ့သည်။ **ဓာတ်မြေသြဇာ**မှာတန်ချိန် (၂၂၇,၀၈၀) လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၁.၈၆၂) သန်း တိုးမြင့်ခဲ့သည်ကို တွေ့ရသည်။ (ဇယား -၁၅)

## (ခ) သုံးသပ်ချက်

၂၀၂၁-၂၂ **Mini Budget** (အောက်တိုဘာလမှ မတ်လထိ) နှင့် **၂၀၁၈ Mini Budget** (ဧပြီလ မှ စက်တင်ဘာထိ) တို့၏ ပို့ကုန်တင်ပို့မှုများကို နှိုင်းယှဉ်ရာတွင် ၂၀၂၁-၂၂ Mini Budget တွင် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၈,၂၇၉.၄၄)သန်း တင်ပို့ခဲ့ပြီး ၂၀၁၈ Mini Budget တွင် ဒေါ်လာ (၈,၈၆၁.၀၃) သန်း တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁-၂၂ Mini Budget တွင် ဒေါ်လာ (၅၈၁.၅၉) သန်း လျော့နည်းခဲ့သည်ကိုတွေ့ရသည်။ ထိုလျော့နည်းတင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ သစ်တောထွက်ပစ္စည်းအနည်းငယ်နှင့် တိရိစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ အခြားပစ္စည်းတို့ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ၂၀၂၁-၂၂ Mini Budget ပို့ကုန်တင်ပို့မှု စုစုပေါင်းတွင် **လယ်ယာထွက်ပစ္စည်း** တင်ပို့မှုတန်ဖိုး ဒေါ်လာ (၂,၄၀၇.၈၆)သန်းပါဝင်ခဲ့ရာ အဆိုပါ တင်ပို့မှုတွင် **ဆန်နှင့် ဆန်ကွဲ** ဒေါ်လာ (၄၄၄.၂၇)သန်း၊ **ပဲအမျိုးမျိုး** ဒေါ်လာ (၈၃၀.၆၃)သန်း၊ **ပြောင်း** ဒေါ်လာ (၃၆၈.၂၃)သန်း၊ **နှမ်း** ဒေါ်လာ (၁၉၄.၁၉)သန်း၊ **ရော်ဘာစိမ်း** ဒေါ်လာ (၂၈၇.၅) သန်း နှင့် အခြား လယ်ယာထွက်ပစ္စည်းတန်ဖိုး (၂၈၃.၀၅)သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံပို့ကုန်တင်ပို့မှု၏ **(၂၀၂၁-၂၀၂၂)** နှင့် **(၂၀၂၀-၂၀၂၁) ကာလတူ** (အောက်တိုဘာလ မှ မတ်လ) ထိ နှိုင်းယှဉ်လေ့လာပါက (၂၀၂၁-၂၀၂၂) တွင် **လယ်ယာထွက်ပစ္စည်း** စုစုပေါင်းတင်ပို့မှုမှာ ဒေါ်လာ (၂,၄၀၇.၈၆) သန်း ရှိခဲ့ပြီး (၂၀၂၀-၂၀၂၁) ကာလတူတွင် ဒေါ်လာ (၂,၉၂၈.၁၄) သန်း ရှိခဲ့သဖြင့် ယခင်နှစ်ထက် တင်ပို့မှုစုစုပေါင်း ဒေါ်လာ (၅၂၀.၂၈) သန်း လျော့နည်းတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ လယ်ယာထွက်ပစ္စည်းများ၏ ပို့ကုန်အမယ်အလိုက်တင်ပို့မှုမှာ ယခုနှစ်တွင် -

- **ဆန်နှင့်ဆန်ကွဲ** ဒေါ်လာ(၄၄၄.၂၇) သန်း၊
- **ပဲအမျိုးမျိုး**တွင် ဒေါ်လာ (၈၃၀.၆၃) သန်း၊
- **ပြောင်း**မှာ ဒေါ်လာ (၃၆၈.၂၃) သန်း၊

- **နှမ်း**မှာ ဒေါ်လာ (၁၉၄.၁၉) သန်း၊
- **ရော်ဘာ**မှာ ဒေါ်လာ (၂၈၇.၅) သန်း နှင့်
- **အခြားသီးနှံ**များမှာ ဒေါ်လာ (၂၈၃.၀၅) သန်း အသီးသီးတင်ပို့ခဲ့ပြီး၊

ယခင်နှစ် အလားတူကာလတွင်

- ဆန်နှင့်ဆန်ကွဲ ဒေါ်လာ (၄၂၈.၄၄) သန်း၊
- ပဲအမျိုးမျိုးတွင် ဒေါ်လာ (၈၀၆.၀၃) သန်း၊
- ပြောင်းမှာ ဒေါ်လာ (၃၃၁.၄၉) သန်း၊
- နှမ်းမှာ ဒေါ်လာ (၂၈၄.၄၇) သန်း၊
- ရာဘာမှာ ဒေါ်လာ (၂၇၈.၀၂) သန်းနှင့်
- အခြားသီးနှံများမှာ ဒေါ်လာ (၇၉၉.၇) သန်း အသီးသီးတင်ပို့ခဲ့သဖြင့် ယခင်နှစ် အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ ဒေါ်လာ(၁၅.၈၃) သန်း၊ ပဲအမျိုးမျိုး ဒေါ်လာ (၂၄.၆) သန်း၊ ပြောင်း ဒေါ်လာ (၃၆.၇၄) သန်း၊ ရာဘာ ဒေါ်လာ (၉.၄၈) သန်း စီ တိုးမြင့်တင်ပို့ခဲ့ပြီး နှမ်းမှာ ဒေါ်လာ (၉၀.၂၈) သန်း နှင့် အခြားသီးနှံများမှာ ဒေါ်လာ (၅၁၆.၆၅) သန်း လျော့နည်းခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။

အစီရင်ခံကာလဖြစ်သော **၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂** ထိ စုစုပေါင်းပို့ကုန်တင်ပို့မှု အနေဖြင့် ဒေါ်လာ (၉၈၉၁.၆၄) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၂၀၂၇.၃၆) သန်း ရှိခဲ့ပါသည်။ လယ်ယာထွက်ပစ္စည်းများမှ-

- **ဆန်**တင်ပို့မှုတွင် တန်ချိန် (၆၆၅,၇၄၈.၃) တင်ပို့နိုင်ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ဘင်္ဂလားဒေ့ရှ်၊ ရိုမေးနီးယား၊ ဖိလစ်ပိုင်၊ ပိုလန်နှင့် တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း (၉) နိုင်ငံသို့ တင်ပို့မှုရှိကြောင်းနှင့် နယ်စပ်တင်ပို့မှုတွင် မူဆယ် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နှင့် ချင်းရွှေဟော်စခန်း တို့မှလည်း တင်ပို့မှုရှိကြောင်း၊
- **ဆန်ကွဲ** တင်ပို့မှုတွင် တန်ချိန် (၄၅၉၈၅၅.၁၆) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ဘယ်ဂျီယံ၊ UNITED KINGDOM၊ ပိုလန်နိုင်ငံများသို့ တင်ပို့မှုရှိပြီး နယ်စပ်စခန်းများဖြစ်သော မူဆယ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်စခန်း၊ ချင်းရွှေဟော် စခန်းနှင့် မြဝတီစခန်းတို့မှလည်း တင်ပို့မှုရှိကြောင်း၊
- **ပြောင်း** တင်ပို့မှုတွင် တန်ချိန် (၁၀၀၃၅၀၇.၂၁) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ SRI LANKA၊ မလေးရှား၊ စင်္ကာပူ နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး နယ်စပ်စခန်းများဖြစ်သော မူဆယ်စခန်းနှင့် ချင်းရွှေဟော် စခန်းတို့မှ တင်ပို့မှုရှိကြောင်း၊

- **နှမ်း**တင်ပို့မှုတွင်လည်း တန်ချိန် (၄၅၀၂၄.၈၂) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ တရုတ်၊ ထိုင်ဝမ်၊ ထိုင်းနှင့် ဂျပန်၊ အမေရိကန်နိုင်ငံများနှင့် နယ်စပ်စခန်းဖြစ်သော လွယ်ဂျယ်စခန်းမှလည်း တင်ပို့မှုရှိကြောင်း၊
- **ရာဘာစိမ်း** တင်ပို့မှုတွင် တန်ချိန် (၁၂၈၇၆.၅၈) တင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ အိန္ဒိယ၊ တရုတ်နှင့် မလေးရှားနိုင်ငံများသို့ လည်းကောင်း၊ နယ်စပ်စခန်းများ ဖြစ်သော မူဆယ်ဇုန်၊ လွယ်ဂျယ်စခန်း၊ ချင်းရွှေဟော်စခန်းနှင့် မြဝတီစခန်းတို့မှ လည်းကောင်း တင်ပို့မှုရှိကြောင်း၊
- **ပဲမျိုးစုံ** တင်ပို့မှုတွင် ယခင်နှစ်ထက် ပဲတင်ပို့မှုလျော့နည်းခဲ့ပြီး မတ်ပဲတန်ချိန် (၃၂၉,၅၁၂.၄၄)၊ ပဲစင်းငုံ တန်ချိန် (၇၅,၅၇၇.၁၁) နှင့် ပဲတီစိမ်းတန်ချိန် (၃၅၆,၂၃၈.၄၂) အသီးသီးတင်ပို့ခဲ့ကြောင်းနှင့် ပဲတီစိမ်းနှင့် စပ်လျဉ်း၍ အိန္ဒိယမှ ပဲတီစိမ်းတင်သွင်းခွင့်မူဝါဒကို လွတ်လပ်စွာ တင်သွင်းခွင့်ပေးထားရာမှ ကန့်သတ် ကုန်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ပြောင်းလဲသတ်မှတ်ခဲ့သဖြင့် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှုဌာန DGFT က ပဲတီစိမ်းတင်သွင်းသူများ အဆင်ပြေစေရန် အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မတိုင်မီ အရောင်းအဝယ်စာချုပ် ချုပ် ဆိုခဲ့သူများအား မတ်လ ၃၁ ရက်အမီ တင်သွင်းခွင့်ပြုထားပြီး ပဲတင်သွင်းခွင့် သက်တမ်းကို အဆင့်ဆင့်သက်တမ်း တိုးလာခဲ့ရာမှ ယခုအခါ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (တစ်နှစ်) ပြောင်းလဲ သတ်မှတ်လိုက်ကြောင်း သိရသည်။

**သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၄-၁၁-၂၀၂၂ ထိ** စုစုပေါင်း ဒေါ်လာ (၁၀,၅၀၇.၄၇) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၂,၄၂၃.၅၆) သန်း တိုးမြင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ် ကာလတူထက် တန်ချိန် (၁၇၇,၃၅၉)၊ တန်ဖိုး ဒေါ်လာ(၁၃၄.၈၆)သန်း လျော့နည်းတင်သွင်းခဲ့ ကြောင်းနှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန် (၂၂,၃၅၂)၊ နှင့် တန်ဖိုးဒေါ်လာအားဖြင့် (၁၆၃.၃၄) သန်း တိုးမြင့်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၂-၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၄၇,၇၆၉.၀၃)၊ တန်ဖိုး ဒေါ်လာ (၇၀.၇၁) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၄၆,၃၀၂.၇၈)၊ တန်ဖိုး ဒေါ်လာ (၇၂.၃၂) သန်း တင်ပို့ခဲ့ သဖြင့် ယခင်နှစ်ထက် တန်ချိန် (၁၄၆၆.၂၆)တိုးမြင့်တင်ပို့ခဲ့ပြီး၊ တန်ဖိုးအားဖြင့်(၁.၆) သန်းလျော့ နည်းတင်ပို့ခဲ့သည်ကို တွေ့ရသည်။

**(ဏ) နိဂုံး**

မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေနှင့် တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ